SHWE TAUNG
CEMENT CO.,LTD.

**သတင်းထုတ်ပြန်ချက်**

## ဇီဝမျိုးစုံမျိုးကွဲများ ပြန်လည်ထိန်သိမ်းစောင့်ရှောက်ရေး စီမံကိန်းအတွက် လုပ်ငန်းပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်သည့် စာချွန်လွှာ လက်မှတ်ရေးထိုးခြင်း

**၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ၊ (၃) ရက်နေ့။ နေပြည်တော်၊ မြန်မာနိုင်ငံ။** ရွှေတောင်ဘိလပ်မြေ၏ ဇီဝမျိုးစုံမျိုးကွဲများအား ပြန်လည် ထိန်းသိမ်းစောင့်ရှောက်ခြင်းလုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်အား အတူပူးပေါင်း လုပ်ဆောင်ရန် ရည်ရွယ်သည့် စာချွန်လွှာကို သစ်တောဦးစီးဌာန၊ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ရွှေတောင်ဘိလပ်မြေကုမ္ပဏီလိမိတက်တို့ ယနေ့ လက်မှတ်ရေးထိုးခဲ့ပါသည်။

မန္တလေးတိုင်း၊ သာစည်မြို့နယ်၊ ပြည်ညောင်ကျေးရွာရှိ ရွှေတောင်ဘိလပ်မြေလုပ်ငန်း၏ ဘိလပ်မြေစက်ရုံအား တိုးချဲ့တည်ဆောက်လျက်ရှိရာတွင် ဇီဝမျိုးစုံမျိုးကွဲများအား ပြန်လည် ထိန်းသိမ်းစောင့်ရှောက်ခြင်း လုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်အဖြစ် ဇီဝမျိုးစုံမျိုးကွဲများအား ပြန်လည် ထိန်းသိမ်း စောင့်ရှောက်ရေး အတွက် ဆောင်ရွက်လုပ်ကိုင်ခြင်းတို့ကို အကောင်အထည်ဖော် အလေးထားဆောင်ရွက်မည် ဟူသည့် အချက်ပါရှိပါသည်။

သစ်တောဦးစီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ရွှေတောင်ဘိလပ်မြေကုမ္ပဏီလိမိတက်တို့ ယနေ့ လက်မှတ်ရေးထိုးသည့် လုပ်ငန်းပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်သည့် စာချွန်လွှာမှာ ပန်းလောင် – ပြဒါးလင်းဂူ တောရိုင်းတိရိစ္ဆာန်ဘေးမဲ့တောအား တိုးချဲ့မည့် ဧရိယာ (၁၇၇၉) ဟတ်တာနှင့် အဆိုပြုထားသော မဟာမြိုင်တောရိုင်းတိရိစ္ဆာန်ဘေးမဲ့တော၏ ဧရိယာ (၅၄၂၀) ဟတ်တာ တို့အား ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် သဘောတူစာချုပ် (မူကြမ်း) ကို အတူတကွ ပူးပေါင်း အကောင်အထည်ဖော် ရေးဆွဲရန် ဖြစ်သည်။

“ရေရှည်တည်တံ့မှုရှိတဲ့ ဖွံ့ဖြိုးတိုးတက်မှုဖြစ်စေရေး ဆောင်ရွက်ရန်ဟူတဲ့ အချက်ဟာ ရွှေတောင်အတွက် အလွန်အရေးကြီးတဲ့ အချက်တစ်ချက်ပါ။ ပြည်ညောင်မှာရှိတဲ့ ရွှေတောင်ဘိလပ်မြေစက်ရုံရဲ့ ထပ်တိုး ထုတ်လုပ်မှုလိုင်းကို လုပ်ဆောင်ရာမှာ အပြည်ပြည်ဆိုင်ရာ အကောင်းဆုံး လုပ်ထုံး၊ လုပ်နည်းစံချိန်တွေနဲ့ အညီ ဖြစ်စေဖို့လုပ်ဆောင်ပါတယ်။ ကျွန်တော်တို့ရဲ့ ဇီဝမျိုးစုံမျိုးကွဲများအား ပြန်လည် ထိန်းသိမ်း စောင့်ရှောက်ခြင်း လုပ်ငန်းဆိုင်ရာ အစီအစဉ်ကို ဖော်ဆောင်ရာမှာ Myanmar Environmental Conservation Law နဲ့ International Finance Corporation (IFC) ရဲ့ “Performance Standards” တို့နဲ့ အညီ လုပ်ကိုင်မှာဖြစ်ပါတယ် “ ဟု ဦးကျော်နိုင်စိုး (Deputy Managing Director , Shwe Taung Cement) မှ ပြောကြားထားသည်။

“ကျွန်တော်တို့ ရွှေတောင်ဟာ နှစ်ပေါင်း (၂၅) နှစ် သက်တမ်းရှိတဲ့ ဇီဝမျိုးစုံမျိုးကွဲများအား ပြန်လည် ထိန်းသိမ်း စောင့်ရှောက်ခြင်းလုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှု အစီအစဉ်ကို မြန်မာနိုင်ငံမှာ ပထမဦးဆုံး စတင် လုပ်ဆောင်တဲ့ မြန်မာကုမ္ပဏီပါ။ အခုလို ဇီဝမျိုးစုံမျိုးကွဲများအား ပြန်လည် ထိန်းသိမ်း စောင့်ရှောက်ခြင်း လုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှု အစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့ ပံ့ပိုးကူညီမှုပေးတဲ့ သစ်တောဦးစီးဌာန ကို ကျွန်တော်တို့ အနေနဲ့ အထူးပဲ ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ ကတိပြုထားတဲ့ လုပ်ဆောင်မှုတွေကို အတူတကွ အကောင်အထည်ဖော်ဆောင်ရွက်ဖို့ မျှော်လင့်ပါတယ်။” ဟု ဦးကျော်နိုင်စိုး (Deputy Managing Director , Shwe Taung Cement) မှ ထပ်ဆောင်း ပြောကြား ထားသည်။

ယခုကဲ့သို့ သစ်တောဦးစီးဌာနနှင့် ရွှေတောင်ဘိလပ်မြေတို့ ဇီဝမျိုးစုံမျိုးကွဲများအား ပြန်လည် ထိန်းသိမ်း စောင့်ရှောက်ခြင်း လုပ်ငန်းဆိုင်ရာ စီမံကိန်းအား သဘောထားအမြင်တူညီစွာဖြင့် အတူတကွ အကောင် အထည်ဖော်ခြင်းသည် ရေရှည် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံဖြစ်စေရေးအတွက် အထောက်အကူ ဖြစ်စေမည် ဖြစ်သည်။

**သတင်းပိုင်းဆိုင်ရာ ဆက်သွယ် မေးမြန်းလိုပါလျှင် -**

**ဦးအောင်ခိုင်ညီ (ဖုန်း - ၀၉ ၂၅၅၁၁၁၄၁၅ ၊ အီးမေးလ် - info@shwetaungcement.com)**